# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး
# (၁၆) ရက်မြောက်နေ့မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၄း၄၁။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၆) ရက်မြောက်နေ့ အစီအစဉ်ကို ၁၄း၄၁ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွ က်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၄း၄၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၆) ရက်မြောက် နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် (၁၆) ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၄း၄၄။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့မှာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက် ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၈၃.၈၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံ ထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုး သားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်း အဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

# အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ၁၆ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြား ရမှာဖြစ်ပါတယ်။ ဒီခွင့်တွေနဲ့ ပတ်သက် ပြီးတော့ မနက်က ပြည်ထောင်စုလွှတ်တော်မှာ ခွင့်ပြုထားတဲ့အပြင် ထပ်တိုးတာရှိပါသလား။

**အခမ်းအနားမှူး။** ။ ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးဇော်မြင့်ဖေ ထပ်တိုးတာနော်။

**ဥက္ကဋ္ဌ။** ။အချိန်ကို ငဲ့ကွက်တဲ့အနေနဲ့ ခွင့်ပန်ကြားတဲ့ သူတွေကို ဖတ်ပြပါ့မယ်။ တစ်ဦးချင်းတင်နေမယ့်အစားပေါ့။ ဗိုလ်မှူးဝင်းမင်း၊ ဗိုလ်မှူး သိန်းထွန်းတင်၊ ဦးစံပြည့်၊ ဦးမြအုန်း၊ ဦးထွန်းလွင်၊ ဦးစတီဗင်သာဘိတ်၊ ဒေါက်တာဝင်းမြင့်အောင်၊ ဦးသိန်းလှိုင်၊ ဦးမြတ်ကို၊ ဦးကျားမောင်၊ ဦးဖိုးဇော်၊ ဦးရဲမြင့်၊ ဦးဝင်းနိုင်ရှိန်၊ ပါမော က္ခ ဒေါက်တာမြဦး၊ ဦးကြည်ထွန်း၊ ဦးလှဆွေ၊ ဦးတင်မော င်ဝင်း၊ ဦးဇော်မြင့်ဖေ၊ ဦးမျိုးမြင့်၊ ဦးစိုးအောင်၊ ဒေါ်ရီရီမြင့်၊ ဒေါက်တာစိုးဝင်း၊ ဦးစောအုန်း၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးစိုင်းသန့်ဇင်၊ ဦးရှုမောင်၊ ဦးလျူ ကွယ်ရှို၊ ဦးညွန့်လှိုင်၊ ဦးခင်မောင်ရီ၊ ဦးစိုးဝင်း၊ ဒေါက်တာဒွေးနိုင်၊ ဦးသက်လင်း ဖြစ်ပါတယ်။ ဒီထဲမှာ ဦးဇော်မြင့်ဖေက လွဲလို့ ကျန်တာ ပြည်ထောင်စုလွှတ်တော်နာယကအနေနဲ့ ခွင့်ပြုပြီးသား ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဦးဇော်မြင့်ဖေ အပါအဝင် ယခုခွင့်ပန်ကြားချက်တွေနဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ သဘောထား ရယူပါ့မယ်။

ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၄း၄၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၇)ဦး၊ ယခင်က ခွင့်ပ န်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်း ဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၄၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက် -

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)

၁၃၇၄ ခုနှစ် လ ရက်

၂၀၁၂ ခုနှစ်၊ လ ရက်

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၂

“၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "နိုင်ငံတော်သမ္မတ" ဆိုသည့် စကားရပ်ကို "ဆောက်လုပ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်” ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၃

၁၉၅၅ ခုနှစ်၊အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း ) အက်ဥပဒေပုဒ်မ ၂(က)၊ ပုဒ်မခွဲ(ဃ)၏ နောက်တွင်အောက်ပါပုဒ်မခွဲများကို ပုဒ်မခွဲ(င)နှင့်(စ)အဖြစ် ဖြည့်စွက်ရမည် -

"(င) အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရယူဘဲ အိမ်ဥပစာ၏ မူလအသွင်သဏ္ဌာန်ကို ပြောင်းလဲပြင်ဆင်ခြင်း၊ မွမ်းမံပြုပြင်ခြင်း၊ တိုးချဲ့ခြင်းမပြုရ"။

"(စ) အိမ်ဥပစာတွင် တည်ဆဲဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ" ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၃ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၄၊

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အစိုးရအိမ်ဥပစာ ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့ ကဖြစ်စေ၊ ပြည်ထောင်စု ဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ၊ အစိုးရဌာန အဖွဲ့အစည်း တစ်ခုခုက ဖြ စ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ က ဖြစ်စေ၊ စည်ပင်သာယာရေးကော်မတီတစ်ခုခုကဖြစ်စေ၊ စည်ပင်သာယာရေး အဖွဲ့တစ်ခုခုကဖြစ်စေပိုင်သော ငှားရမ်းယူထားသော သို့မဟုတ် ခေတ္တ သိမ်းယူထားသော အိမ်ဥပစာကို ဆိုသည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၅

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "နိုင်ငံတော်အစိုးရ"ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(၂)၏နောက်၌အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (၃) အဖြစ် ဖြည့်စွက်ရမည်-

"(၃) အခွင့်ရအာဏာပိုင်ကပုဒ်မခွဲ(၁)နှင့်(၂)တို့အရ အစိုးရအိမ်ဥပစာမှ ဖယ်ရှားရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများ ပေးရမည်"ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၆

"၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၅ တွင် ပါရှိသော နိုင်ငံတော်အစိုးရဆိုသည့် စကားရပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၇

"၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၆၊ ၇ နှင့် ၈ တို့တွင် ပါရှိသော နိုင်ငံတော်အစိုးရဆိုသည့်စကားရပ်ကိုဆောက်လုပ်ရေးဝန်ကြီးဌာန ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက်အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၈

"၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော ငွေဒဏ် ကျပ်တစ်ထောင်ထိဖြစ်စေ ဆိုသည့် စကားရပ်ကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း မှ အများဆုံး ကျပ်ငါးသိန်းထိဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် " ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၉

"၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော အစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာဖြ င့် အာဏာအပ်နှင်းထားသည့် အရာရှိဆိုသည့် စကားရပ်ကို ဆောက်လုပ်ရေး ဝန်ကြီးဌာနဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင် ဆင်ချက် - အပိုဒ် ၁၀

"၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)ကို အောက်ပါအတိုင်း အစားထိုးရမည်

(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်နိုင်သည် " ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၄း၅၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၅၈၊ နည်းဥပဒေခွဲ (က)အရ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ် ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

# ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန်အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၅၇။**

**ဦးခင်မောင်မြင့်၊ (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ကျင့်သုံးဆောင်ရွက်နေသော ၁၉၅၅ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား စဉ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံတွင် အဆိုတင်သွင်းခဲ့တာဖြစ်ပါတယ်။ တည်ဆဲအက်ဥပဒေများပါ ပြဋ္ဌာန်းချက်များဟာ ၁၉၅၅ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ပြီး လက်ရှိအချိန်အခါများနှင့် ခေတ်ကာလများ နှင့် ဆီလျော်ကိုက်ညီမှု မရှိတော့ သည့်အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေရှိစေရန် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အသစ်ပြင်ဆင် ရေးဆွဲထားပြီးဖြစ်ပါသဖြင့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင် ပါရန် အဆိုတင်သွင်းအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၈။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ တင်သွင်းသွား တဲ့ အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ၁၉၅၅ ခုနှစ်၊ အစိုး ရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန်ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက်အဆိုအတည်ဖြစ်သည်။

အဆိုအတည် ဖြစ်တဲ့အတွက် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ပါပြီ။ (သြဘာသံများ)

**ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများ နှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ ၏ မိသားစုများ အား ထောက်ပံ့စောင့်ရှောက်ရေးဥ ပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ပြင်ဆင်ချက်များကို အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပြီးပေးပို့လာသော မသန်မစွမ်းဖြစ်သွားသော

တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစု များအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစား ရန် ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဘယ်သူဖတ်မှာလဲ။

**အချိန်၊ ၁၅း၀၁။**

**ဦးမြင့်ထွန်း (ဥပဒေကြမ်း ကော်မတီဝင်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော် ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ ဥပဒေကြမ်း ကော်မတီဝင် ကျွန်တော် ဦးမြင့်ထွန်း က မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့ စောင့်ရှောက်ရေး ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီကိုယ်စား တင်ပြအစီရင်ခံပါမယ်။ ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ မတ်လ (၁၃)ရက်၊ ရက်စွဲပါ စာအမှတ် ၁၀၀/အမလ ၁ ၊ ၃ ဥပဒေကြမ်း၊ ၂၀၁၂ - ၁၁၅ နဲ့ ပေးပို့လာတဲ့ မသန်မစွမ်းဖြစ်တဲ့ တပ်မတော်သားတွေနဲ့ သေဆုံး သော သို့မဟုတ် ကျဆုံးသော တပ်မတော်သားတွေရဲ့ မိသား စု ထောက်ပံ့စောင့်ရှောက် ဖို့ ဥပဒေကြမ်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက လက်ခံရရှိခဲ့ ပါတယ်။ အဲဒီဥပဒေကြမ်းမှာ အခန်းပေါင်း (၅)ခန်းနဲ့ ပုဒ်မပေါင်း (၉) ခုပါရှိတာ တွေ့ရပါတယ်။ လေ့လာတွေ့ရှိချက်အနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ အမျိုးသားလွှ တ်တော် ဥပဒေကြမ်း ကော်မတီဟာ အဲဒီ မသန်မစွမ်းဖြစ်သွား သော တပ်မတော်သားများနှင့် သေဆုံး သော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများရဲ့ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာ ဥပဒေကြမ်းခေါင်းစဉ် ပုံစံအထားအသို မှားယွင်းနေပြီးတော့ ပုံစံမှန် ပြင်ဆင်ပေးဖို့ လိုတာကလွဲလို့ တခြားပြင်ဆင်စရာ မလိုတာကို တွေ့ရပါတယ်။ မူ လခေါင်းစဉ်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်ဆိုတာကို အပေါ်ဆုံးမှာ တင်ထားပြီးတော့မှ ဥပဒေရဲ့အမည်ကို အောက်မှာ ချထားတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ပြင်ဆင်လိုက်ပြီးတော့ ခေါင်းစဉ်ဖြစ်တဲ့ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သား များနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေဆိုပြီးတော့ အပေါ်မှာ တင်လိုက်ပါတယ်။ အဲဒီအောက်ကမှ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် )ဆိုပြီးတော့မှ အဲဒီအောက်ကမှ

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ လ၊ ရက် ကိုထည့်ပြီးတော့ အဲဒီအော က်ဆုံးကမှ (၂၀၁၂ ခုနှစ်၊ လ ရက် ) ဆိုပြီးတော့ ဒီလို ကျွန်တော်တို့ ပြင်ဆင် ပေးခဲ့ပါတယ်။ ကော်မတီရဲ့ သဘောထား မှတ်ချက်ကို တင်ပြရမယ်ဆိုရင် ပြည်သူ့လွှတ်တော် က ပေးပို့လာတဲ့ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများရဲ့ မိသားစု များအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေခေါင်းစဉ်ပုံစံမှန်အောင် ပြင်ဆင်ခဲ့တာကလွဲလို့ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ တဲ့ အတိုင်း လက်ခံပြီးတော့ အဲဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုနိုင်ဖို့ ထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မသန်မစွမ်း ဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ**။ ။ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တွေ အားလုံးထံ ဖြန့်ဝေထားပြီးသားမဟုတ်လား။ အားလုံးရပြီးသားမဟုတ်လား။ ဖတ်ပြီးသားလား။ ဆွေးနွေးချင်တဲ့ ပုဂ္ဂိုလ်များရှိသေးလား။ မရှိရင် တစ်ခါတည်းဖြတ်ပစ်လိုက်မယ်။ ဆွေးနွေးချင်တဲ့ ပုဂ္ဂိုလ်များရှိသေးလား။ ရှိရင် နောက်ရက်ကို ရွှေ့မယ်။ မရှိရင် တစ်ခါတည်းကျွန်တော်တို့ အတည်ပြုလိုက်မယ်။ ဟုတ်ပြီနော်။ ခုအ ခြေအနေအရ ကျွန်တော်တို့မှာ သပ်သပ် ဒီဥစ္စာအတွက် ထပ်ခေါ်ရလို့ရှိရင်ဟိုဟာဖြစ်ပါတယ်။ အဲဒီတော့ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများ နှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့ စောင့်ရှောက်ရေး ဥပဒေကြမ်းပါ ပုဒ်မ အပိုဒ် (၁)မှ (၉)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဒီအဆိုနှင့် ပတ်သက်ပြီး လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့ သူမရှိတဲ့အတွက် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေမူကြမ်း အပိုဒ် (၁)မှ(၉)သည် ဤဥပဒေမူကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၀၃။**

**ဥက္ကဋ္ဌ**။ ။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှော က်ရေး ဥပဒေမူကြမ်း ခေါင်းစဉ်နဲ့နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ဒီအဆိုနဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် မ သန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေမူကြမ်း ခေါင်းစဉ်နဲ့ နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**အချိန်၊ ၁၅း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမှန်အားဖြင့်တော့ ဒီဥပဒေကြမ်းတစ်ရပ်လုံး အတည်ပြုဖို့အတွက် သက်ဆိုင်ရာ ဝန်ကြီးက တင်ပြရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ဒီ အစီအစဉ်မှာ အားချ င်း ဒီအစီအစဉ်ကို ခေါင်းစဉ်ပြောင်း လဲပြီးတော့မှ ဆောင်ရွက်လိုက်ရတာဖြစ်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ပဲ ဒါကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့် ရှောက်ရေး ဥပဒေကြမ်းတစ်ရပ်လုံး ကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ သဘောထားဆန္ဒရယူပါ့မယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် မသန်မစွမ်းဖြစ်သွားသော တပ်မတော် သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းတစ်ရပ်လုံး အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် (၁၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နား ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]